Burmese
(မြန်မာဘာသာ)

# Office of Superintendent of Public Instruction (OSPI)
## အိမ်သုံး ဘာသာစကား ဆန်းစစ်လေ့လာချက် (Home Language Survey)

| | | | | |
|---|---|---|---|---|
| **ကျောင်းသား နာမည်** | | | | **နေ့စွဲ** |
| **မွေးသက္ကရာဇ်** | **လိင်** | **အတန်း** | **SSID** | |

**လျှောက်လွှာအား ဖြည့်စွက်သူမှာ -**

မိဘ/အုပ်ထိန်းသူ နာမည် ______________________ ကျောင်းသားနှင့် တော်စပ်မှု ______________

မိဘ/အုပ်ထိန်းသူ ထိုးမြဲလက်မှတ် ______________________________________________

အကယ်၍ အဆင်ပြေမည်ဆိုပါက၊ စာသင်ကျောင်းထဲ၌ မည်သည့် ဘာသာစကား ဖြင့် ပြောဆိုဆက်ဆံမှု ပြုလုပ်ရန် သင် အလိုရှိပါသနည်း။

_______________________________________________________________

**လွန်ခဲ့သော စာသင်နှစ်များအတွင်း သင့် ကလေးအနေဖြင့် ကူးပြောင်းချိန် ဘာသာစကားနှစ်မျိုး သင်ကြားပို့ချခြင်းဆိုင်ရာ အစီအစဉ် မှတဆင့် အင်္ဂလိပ် ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့များကို သင့် ကလေး ရရှိခဲ့ဖူးပါသလား။** ရ___ မရ ___ မသိပါ___

| | |
|---|---|
| 1. သင့်ကလေးသည် မည်သည့်နိုင်ငံ၌ ဖွားမြင်ခဲ့ပါသနည်း။ | ____________ |
| 2. **သင့်ကလေးမှာ မည်သည့် ဘာသာစကား ဖြင့် ပထမဦးဆုံး စကားပြောသင်ခဲ့ပါသနည်း။ *** | ____________ |
| 3. **အိမ်ထဲ၌ <u>သင့်ကလေး</u> သည် မည်သည့် ဘာသာစကားကို အများဆုံး အသုံးပြု ပြောဆိုပါသနည်း။*** | ____________ |
| 4. <u>မိဘ/အုပ်ထိန်းသူများ</u> အနေဖြင့် သင့်ကလေးနှင့် စကားပြောဆိုသောအခါ မည်သည့်ဘာသာစကား (များ) ကို အများဆုံးအသုံးပြုပြောဆိုပါသနည်း။ | ____________<br>____________ |
| 5. သင်၏ကလေးသည် *ယူနိုက်တက် စတိတ် ပြင်ပတွင် ကျောင်းပညာရေး သင်ယူဖူးပါသလား။ (သူငယ်တန်းမှ ၁၂တန်းအထိ)<br><br>______သင်ယူဖူးပါသည် ______မသင်ယူဖူးပါ<br><br>"ကျောင်းပညာရေး"သည် ဒုက္ခသည် စခန်း သို့မဟုတ် အခြားသော တရားဝင်အသိအမှတ်ပြုခံရခြင်း မရှိသည့် ကလေးများအတွက် ပရိုဂရမ်များ မပါဝင်ပါ။ | အကယ်၍ တက်ခဲ့ဖူးပါက၊ ကျောင်းတွင် မည်သည့်ဘာသာစကားဖြင့် စာသင်ကြားပို့ချပေးသနည်း။<br>____________<br>ဘယ်နှစ်လ တက်ခဲ့ဖူးသနည်း။ _____ |
| 6. သင့်ကလေးသည် ယူနိုက်တက်စတိတ်တွင် မည်သည့်အချိန်မှစ၍ ပထမဆုံးကျောင်းတက်ခဲ့သနည်း။ (သူငယ်တန်း- ၁၂ တန်း) | ____________<br>လ ရက် ခုနှစ် |

****WAC 392-160-005:*** *"မူလမိခင်ဘာသာစကား" ဆိုသည်မှာ ကျောင်းသား နေထိုင်သော နေရာပတ်ဝန်းကျင်အတွင်း ကူးလူးဆက်သွယ်ရေးအတွက် ယင်းကျောင်းသား မကြာခဏ ပြောဆို အသုံးပြုသော ဘာသာစကားကို ဆိုလိုပါသည် (မိဘ၊ အုပ်ထိန်းသူများ သို့မဟုတ် အခြားသူများက ပြောဆိုကြသည့် စကားကိုပဲ ဆိုလိုခြင်း မဟုတ်ပါ)။*

Note to district: A response of a language other than English to question #2 OR question #3 triggers ELL placement testing.

*May 2014*

# မိခင်ဘာသာစကား စစ်တမ်းကောက်ယူခြင်း၏ ရည်ရွယ်ချက်

မိခင်ဘာသာစကား စစ်တမ်းသည် ဝါရှင်တန်ရှိ ကျောင်းများတွင် တက်နေသော ကျောင်းသား *အားလုံး* အပေါ်တွင် ကောက်ခံခြင်းဖြစ်သည်။ အောက်ပါ သတင်းအချက်အလက်များသည် ဤလျှောက်လွှာနှင့် ပတ်သက်သော သင်မေးချင်သည့် မေးခွန်းအချို့ကို အဖြေပေးနိုင်လိမ့်မည်။

**မိခင်ဘာသာစကား စစ်တမ်း၏ ရည်ရွယ်ချက်မှာ ဘာလဲ။**

မိခင်ဘာသာစကား စစ်တမ်း၏ အဓိက ရည်ရွယ်ချက်မှာ စာသင်ခန်းအတွင်းတွင် အောင်မြင်မှုရရန် လိုအပ်သည့် အင်္ဂလိပ်ဘာသာစကား အရည်အချင်းများ တိုးတက်စေရေးအထောက်အကူနှင့် အခြားသော ဝန်ဆောင်မှု လိုအပ်သော ကျောင်းသားများကို ရွေးထုတ်နိုင်ရန်ဖြစ်သည်။ ကျောင်းတွင် အောင်မြင်မှုရရန် လိုအပ်သော ဝန်ဆောင်မှုများကို ကျောင်းသားများ ရရှိနိုင်မှု ရှိမရှိကို အကျိုးသက်ရောက်မည်ဖြစ်သောကြောင့် ဤသတင်းအချက်အလက်များကို မှန်ကန်စွာ မှတ်တမ်းတင်နိုင်ရန် အရေးကြီးသည်။ ထပ်တိုး ဘာသာစကားနှင့် ပညာရေးဆိုင်ရာ အထောက်အကူ လိုအပ်မှုရှိမရှိ စမ်းသပ်မှုများကိုလုပ်၍ ဆုံးဖြတ်ရန် လိုမည်ဖြစ်သည်။ ဤလျှောက်လွှာ ဖြည့်သည့်အပေါ်တွင် မူတည်၍ မည်သည့် ကျောင်းသားကိုမျှ အင်္ဂလိပ်ဘာသာစကား ဖွံ့ဖြိုးမှု ပရိုဂရမ်ကို တက်ခိုင်းမည်မဟုတ်ပါ။

**ဘာကြောင့် ကျောင်းသား၏ မိခင်ဘာသာစကားနှင့် အိမ်တွင် အသုံးပြုသော ဘာသာစကား(များ)ကို မေးပါသလဲ။**

ကျောင်းသား၏ ဘာသာစကားနှင့် ပတ်သက်သော မေးခွန်းနှစ်ခုသည် အောက်ပါတို့ကို ကျွန်ုပ်တို့ဆုံးဖြတ်နိုင်ရန် ကူညီသည်။

- အင်္ဂလိပ်စာ သင်ယူရန် အကူအညီကို သင်၏ကျောင်းသားသည် လို မလိုနှင့်
- ကျောင်းသား အိမ်တွင် အသုံးပြုသည့် အခြားသော ဘာသာစကား များကို ကျောင်းရှိ ဝန်ထမ်းများ သတိထားရန် လိုမလို

သင်၏ကလေး ပထမဆုံးသင်ယူသော ဘာသာစကားသည် ယခုအခါ အိမ်တွင် အသုံးပြုသော ဘာသာစကားနှင့် မတူကောင်းမတူ ဖြစ်နေနိုင်သည်။ ဤမေးခွန်းနှစ်ခုကို ဖြေခြင်းအားဖြင့် ကျောင်းသားတစ်ဦးချင်း၏ လိုအပ်မှုနှင့် ဖြစ်ပေါ်လာနိုင်သည့် ပြောဆိုဆက်သွယ်ရန် လိုအပ်မှုကို ကျောင်းမှ သင့်တော်သော ညွှန်ကြားချက်များ ပေးနိုင်မည်ဖြစ်သည်။ အင်္ဂလိပ်စာမဟုတ်သည့် အခြားသော ဘာသာစကားကို ပထမဆုံး သင်ယူခဲ့သည့် ကျောင်းသားများသည် ထပ်ဆောင်း အထောက်အကူများကို လိုအပ်ကြောင်း အသိအမှတ်ပြုမည်ဖြစ်သည်။ အင်္ဂလိပ်စာကို ကောင်းမွန်စွာ ပြောဆိုသော ကျောင်းသားများပင် ကျောင်းတွင် အောင်မြင်ရန် လိုအပ်သည့် ဘာသာစကား အရည်အချင်းများ တိုးတက်စေရန် အထောက်အကူလိုအပ်ဦးမည် ဖြစ်သည်။

**ကျောင်းသားမည်သည့်နေရာတွင် မွေးသည်ကို ဘာကြောင့် မေးပါသလဲ။**

ဤအချက်ကြောင့် ဖက်ဒရယ် ဘဏ္ဍာငွေအတွက် ရည်ရွယ်သော အခြေချနေထိုင်သူများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကျောင်းသားသည် ကိုက်ညီမှု ရှိမရှိ ကျောင်းအုပ်ချုပ်ရေး ခရိုင်နှင့် ပြည်နယ်သည် ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ကျောင်းသားများ၏ မိဘနစ်ပါးလုံးသည် ယူအက်စ် နိုင်ငံသားဖြစ်ပြီး ကျောင်းသားသည် ယူနိုက်တက် စတိတ် အပြင်တွင် မွေးဖွားသောအခါတွင်ပင် အကျုံးဝင်သည်။ နေထိုင်ခွင့် မရှိသော ကျောင်းသားများကို ရွေးချယ်ရန်အတွက် ဤလျှောက်လွှာကို အသုံးမပြုပါ။

**ကျွန်ုပ်၏ ကျောင်းသား သင်ယူပြီးခဲ့သော ပညာရေးအကြောင်း ဘာကြောင့် မေးပါသလဲ။**

ယူနိုက်တက် စတိတ်အတွင်းနှင့် အပြင်တွင် သင်ယူခဲ့သော ကျောင်းသား၏ ပညာရေးကို ပရိုဂရမ်များနှင့် ကျောင်းအုပ်ချုပ်ရေး ခရိုင် ဝန်ဆောင်မှုများတွင် ပါဝင်နိုင်ရေး အကြံပြုရာတွင် ကျောင်းသားတစ်ယောက်၏ ပညာရေးနှင့် ပတ်သက်သော သတင်းအချက်အလက်ကို ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ ပြီးခဲ့သော ပညာရေး နောက်ခံအပေါ်တွင် အခြေခံသော ပြည်နယ် စံနှုန်းနှင့်အညီ ကျောင်းသားသည် လုံလောက်သော တိုးတက်မှု ရှိမရှိဆုံးဖြတ်ရာတွင် ကျောင်းသား၏ ပညာရေးနောက်ခံသည် အရေးကြီးသည့် အချက်ဖြစ်သည်။

မိခင်ဘာသာစကား စစ်တမ်းတွင် လိုအပ်သော အချက်များကို ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ ဤလျှောက်လွှာနှင့်ပတ်သက်၍ သို့မဟုတ် သင့်ကလေး၏ ကျောင်းတွင် ရှိသော ရရှိနိုင်သည့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နောက်ထပ် မေးခွန်းများ မေးလိုပါက သင်၏ ကျောင်းအုပ်ချုပ်ရေး ခရိုင်ကို ဆက်သွယ်ပါ။